ချစ်သမေသီ

# ထိုအချစ်က စစ်မှန်ခဲ့သော်

အပိုင်း (၃)



# အပိုင်း-၃

## အခန်း - ၁၁

နှိုးစက်မြည်တာနဲ့ S ငေါက်ခနဲ ထမိနေပြီ။ ဘာကြောင့်ဆို ဒီနေ့ သူမရဲ့ အလုပ်သစ် စလုပ်ရမည့် မဟုတ်လား ... သူမက တခြားသူတွေလိုမဟုတ် ပြင်စရာတွေ များ သောကြောင့် နှိုးစက်ကိုပင် ၄နာရီအတိ ချထားရ၏။

ရေမိုးချိုးကာ အဝတ်အစား လဲလိုက်သည် ။ ဆံပင်တုကို တပ်လိုက်သည် ။ သူမ ညတိုင်းဆို ဆံပင်တုဖြုတ်ပြီးမှ အိပ်သောကြောင့်ပင်။ ရင်ဘတ်ကို အဝတ်နဲ့ အရင်တုန်းကထက် ပိုတင်းတင်းလေး စည်းလိုက်သည် ။

"တော်တော်အလုပ်ရှုပ်တဲ့ ငါ့ဘဝလေးပါလား ဟူး ..."

သက်ပြင်းရှည်ချကာ ညည်းတွား လိုက်မိသည် ။

အားလုံးပြင်ဆင်ပြီးတော့ နာရီတစ်ချက် ကြည့်လိုက်တော့

"ဟင် ၆နာရီ ... အားလားလား အမြန်သွားမှ မဟုတ်ရင် အဆူခံထိနေဦးမှာ ... သူ့ပုံစံကြီးက ဘယ်သူမှ ညှာမှာ မဟုတ်ဘူး ... ငါ့တောင်ခိုင်းချင်လို့ သူ့သက်တော်စောင့်ဆိုပြီး လုပ်ခိုင်းတာ ..."

အခန်းထဲကထွက်ကာ ပါးစပ်မှာ လည်း ပွစိပွစိနှင့် အပေါ်ထပ် နေ အခန်းထဲသို့ အမြန်ပြေးတက် လာခဲ့သည် ။

အောက်ထပ်မှာ စားဖို့ သောက်ဖို့ ပြင်ဆင်ချက်ပြုတ်နေတဲ့ အလုပ်သမားများ သူဟာနှင့်သူ အလုပ်ရှုပ်နေကြသည် ။ သူတို့ ရဲ့ ခွင့်ပြုချက်မရှိဘဲ ယောင်လို့ တောင် အပေါ်ထပ်ကို တက်ခွင့်မရှိ။ ဒါဟာ စံအိမ်ရဲ့ စည်းကမ်းချက်ထဲက တစ်ခုပင်။

S အပေါ်ထပ် နေ အခန်းပေါက်ရောက်တော့ ကိုယ်ကိုတစ်ချက် ပုံစံကျမကျ ကြည့်ပြီး ...

"ဒေါက် ... ဒေါက်"

တံခါးခေါက်သော်လည်း ဘာသံမှ မကြားသောကြောင့် တံခါးကို ဆွဲဖွင့်ကြည့်တော့ လော့ခ်မချထားသောကြောင့် တံခါးပွင့်သွားတော့ အခန်းထဲ ဝင်လိုက်သည် ။

"မိုက်လိုက်တာ သူ့အခန်းက ဒီလောက်တောင် ကြီးကျယ် ခမ်းနားပါလား ... မနေ့က သေချာ မကြည့်မိလိုက်ဘူး ..."

နေရာအနှံ့S လိုက်ကြည့်နေလိုက်သည် ။ ရေချိုးခန်းဘက်မှ ရေသံကြားတော့ ...

"သြော် သူရေချိုးနေတာပဲ ..."

ပြောလည်း ပြော မျက်လုံးက အငြိမ်မနေ လျှောက်ကြည့်နေသော်လည်း ခဏအကြာမှာ တော့ ညတုန်းက ကြယ်စင်နှင့်ညနက်ထိ ဖုန်းပြောတာရယ် မနက်၄နာရီ ထလိုက်တော့ လူက ခဏအတွင်းမှာ ပင်အိပ်ပျော်သွား၏။

"ဝါး အိပ်ချင်လိုက်တာ ..."

တစ်ချက်သမ်းကာ ဆိုဖာပေါ်မှာ ထိုင်လိုက်ပြီး ခဏအကြာမှာ တော့ အိပ်ပျော်သွားသည် ။

နေ ရေချိုးတာ နည်းနည်း ကြာသွားသည် ။ ရေချိုးခန်းထဲမှ ထွက်လာချင်း ပါးစပ်မှ လည်း ...

"ဟာ ဟိုကောင်လေး ခုထိမလာသေး ... ဟင် ..."

စကားပြောပင် မဆုံးလိုက် ဆိုဖာပေါ် မျက်စိရောက်သွားတော့ ကွေးကွေးလေးအိပ်နေတဲ့ S ကို တွေ့လိုက်ရသည် ။

နေ S အနားသို့သွားကာ ထိုနေရာမှ ရပ်လိုက်ပြီး ထိုကောင်လေး၏ မျက်နှာကို အုပ်မိုးကြည့်ကာ ...

"မင်းကိုကျ ဘာလို့ ငါ ခွင့်လွှတ်ပေး နေရတာလဲ ..."

မနေ့က company ရောက်ရောက်ချင်း လူနှစ်ယောက်ကို အလုပ်ထုတ်ပစ်ခဲ့သည် မဟုတ်လား ...

"ခေါင် ငါ အဲဒီအသံတွေကို မကြားချင်ဘူး ..."

"ဟုတ် ..."

ခေါင် သွားကာ သူတို့ ရဲ့ အကြောင်း ပြောသောသူကို ၃လစာပေးကာ ထုတ်ပစ်ခဲ့သည် ပင်။

"ခုတော့ မင်းကိုငါ ဘာလို့ ခွင့်လွှတ်နေရတာလဲ မသိဘူး ..."

S မျက်လုံး ဖွင့်လိုက်တော့ သူမကို ကြည့်နေသော နေ မျက်နှာလွှဲသွား၏။

"မင်း သွား ငါ့အကျီင်္ဝတ်စား သွားယူခဲ့ ..."

နေ မာန်လိုက်မှ S ကြောက်ကြောက်လန့်လန့်နှင့် ထကာ ...

"ဟုတ် ဟုတ် ..."

ခေါင်းလေးငုံ့ကာ ထွက်သွားသော ထိုကောင်လေးကို ကြည့်ကာ ...

"မင်း မိန်းကလေးကျနေတာပဲ ..."

နေ ခေါင်းတစ်ချက်ယမ်းကာ နှုတ်မှ လည်း ရေရွတ်ပြီး S နောက်သို့ လိုက်ခဲ့သည် ။

ဗီရိုကြီး အကြီးကြီးနှစ်ခု ဘယ်ဟာ အရင် ဖွင့်ကြည့်ရမှန်း မသိတော့ အနောက်ဘက်မှာ ထိုင်နေတဲ့ နေရဲ့ ဘက်သို့ လှည့်ကာ ...

"မြောက်ဘက်ကအခန်း တောင်ဘက်ကအခန်းကို ယောင်လို့ တောင် မကြည့်နဲ့ ..."

နေရဲ့ အသံကြောင့် S လည်း မြောက်ဘက်ဗီရိုမှ အဖြူရောင် အောက်ခံအင်္ကျီနဲ့ အနက်ရောင်ကုတ်ကို ရွေးလိုက်ပြီး ခုတင်ပေါ်တွင် ထားလိုက်သည် ။

နေ ခါးပတ်ကို ခါးမှာ ပတ်ကာ အပေါ်ပိုင်းဗလာနှင့် S အနားသို့ လာ လိုက်သည် ။ နေ S မျက်နှာနှင့် မျက်နှာချင်းဆိုင်ပင် ဖြစ်အောင် ငုံ့လိုက် ပြီး အနီးကပ် အနေအထားသို့ ...

"မင်း ငါ့ကို အင်္ကျီဝတ်ပေး ..."

S နောက်သို့ ခြေနှစ်လှမ်းဆုတ်ပြီး မျက်နှာကို လွှဲကာ ...

"သခင်းလေးဘာသာ ဝတ်လိုက်ပါလား ..."

"ဘာ မင်း ငါခိုင်းတာ ငြင်းတာပေါ့ ..."

တဖြည်းဖြည်းငုံ့မိုးကာ တိုးကပ်လာတဲ့ မျက်နှာကြောင့် Sလေး၏ မျက်နှာမှာ အဆမတန် နီမြန်းလာ၏။

"မဟုတ်ပါဘူးဗျာ ... အရင်တုန်းကလည်း ဘယ်သူဝတ်ပေးတာလဲ ကိုယ့်ဘာသာပဲ ဝတ်တာမလား ... ခုလည်း သခင်လေးဘာသာ ဝတ်ပါလား ..."

နှုတ်ခမ်းလေးဆူကာ ပြန်ပြောနေတဲ့ ကောင်လေးကိုကြည့်ပြီး နေ အသည်းယားနေသည် ။

မင်းသာ မိန်းကလေး ဖြစ်ရင်တော့ မလွယ်ဘူးမှတ် ... နေစိတ်ထဲက သာ ရေရွတ်လိုက်သည် ။

"မင်း ... မင်းလာဝတ်ပေး ငါ့အမိန့်ပေးနေတယ် ..."

အမိန့်ဆိုတဲ့ အသံကြားတာနဲ့ S ကြက်သီးများ ပင် ထနေသည် ။

"မင်း ဘာရပ်လုပ်နေတာလဲ ငါနောက်ကျတော့မယ် ဖေဖေတို့ လည်း ပို့ရဦးမယ် မြန်မြန်ဝတ်ပေး ..."

S လည်း ခုတင်ပေါ်မှ အင်္ကျီကိုယူကာ ဝတ်ပေးသည် ။

ကြယ်သီးများကို တစ်လုံးချင်း တပ်နေသော်လည်း လက်များက တုန်ရီနေ၏။

"ဒီနေ့ ပြီးဦးမှာ လား ..."

"တောင်း တောင်းပန်ပါတယ် သခင်လေး ကျွန်တော် ဆက်မလုပ်နိုင် တော့ဘူး ..."

နေရဲ့ ရင်ဘတ်ပေါ်မှာ ရှိတဲ့ သူမ၏ လက်တွေကို ဖြုတ်ချလိုက်ပြီး မျက်နှာကို လွှဲလိုက်၏။

နေ စိတ်မရှည်တော့သည် မို့ ကိုယ်တိုင်ဝတ်ကာ နှစ်ယောက်သား အကုန်ပြင်ဆင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည် ။

"ဖေဖေ သားတို့ လေယာဉ်ကွင်းထိ လိုက်ပို့မယ် ..."

"အေးအေး ..."

ဘုန်း နေနားမှ S ကိုမြင်တော့ မျက်လုံးပင် ပြူးသွားရသည် ။ ဘုန်း S ရဲ့ အနားကို လာပြီး ရုတ်တရက် ဖက်လိုက်ကာ ...

"Sလေး ဂရုစိုက်နော် ..."

"ဟုတ် ကိုဘုန်းလည်း ဂရုစိုက်သွား ... "

သူတို့ နှစ်ယောက်ကို မျက်ထောင့်နီကြီးနှင့် ကြည့်နေသူကတော့ နေပင်။

ဘာကြောင့်ဆိုတာ ငါမသိဘူး မင်းကို ဘယ်သူနဲ့ မှ မရင်းနှီးစေချင်ဘူး ငါကလွဲရင်ပေါ့ ... အတွေးဆန်ဆန်အတွေက မဖိတ်ခေါ်ဘဲ ရောက်လာပြီး သူကိုယ်တိုင် ပြောနေမိ၏။

ဘုန်း S ကို ဖက်ထားရာမှ လွှတ်လိုက်ပြီး နေဘက်သို့လှည့်ကာ ...

"ကိုနေ Sလေးကို ဂရုစိုက်ပေးပါနော် ..."

နေလည်း S ကို တစ်ချက်ကြည့်ကာ ...

"အေး ... ကြိုးစားပြီး တတ်မြောက်အောင် သင်ခဲ့ ..."

"ဟုတ် ..."

နေ ကားနားရောက်တော့ သတိုးက ဖွင့်ပေးသည် ။ S လည်း သတိုးနား ရှေ့ခုံသို့ ဝင်ထိုင်လိုက်သည် ။

ခေါင်နဲ့ ခန့်ကတစ်ကား ကျန်တဲ့ ဒရိုင်ဘာများ နှင့် နေဖေဖေတို့ တစ်ကား လေယာဉ်ကွင်းသို့ လာခဲ့သည် ။

"သား ဖေဖေတို့ သွားပြီ ..."

"ဦးဦး ကိုကို သားသွားပြီ ..."

"..."

အားလုံး နှုတ်ဆက်ကာ သွားကြတော့သည် ။

နေတို့ လည်း ကားပေါ်သို့တက်ကာ ကုမ္ပဏီသို့ မောင်းခဲ့သည် ။

နေတို့ ဝင်လာတာနဲ့ မင်္ဂလာပါဟု နှုတ်ဆက်ကာ အသီးသီး အလုပ်ကိုသာ ပြန်လုပ်ကြသည် ။ နေတို့ အားလုံး အလုပ်ခန်းထဲသို့ ဝင်လိုက်သည် ။

"ခန့် ..."

"ဗျာ ..."

"အိမ်မှာ ရှိတဲ့ အလုပ်သမားတွေ အားလုံးကို ၂လတိတိ အနားပေးလိုက်ပါ ... ခြံသန့်ရှင်းရေး လုပ်တဲ့ သူတွေကို ၃ရက်တစ်ခါပဲ အလုပ်လုပ်လာခဲ့လို့ ပြောလိုက် ငါမျက်စိနောက်လွန်းလို့ ..."

"ဟုတ် ... ကျွန်တော်အားလုံး လုပ်လိုက်ပါမယ် ..."

"အင်း သွားလို့ ရပြီ ... "

ခန့် ထွက်သွားတော့ S ရောက် လာပြီး ...

"သခင်လေး လက်မှတ် ထိုးရပါမယ်တဲ့ ..."

"အင်း ထားခဲ့လိုက် ..."

"ပင်ပန်းနေတာလား သခင်လေး ... ကျွန်တော် ဘာလုပ်ပေးရမလဲ ...
."

"မင်း ငါခိုင်းတာကို လုပ်ပေးမှာ လား ..."

"ဟုတ်ကဲ့ ..."

"အဲဒါဆို ဇက်ကြောလေး နည်းနည်း ဆွဲပေးပါလား ခေါင်းသိပ်မကြည်လို့ ..."

S နေ ကုပ်ကို လက်ချောင်း သွယ်သွယ်လေးတွေနှင့် ညင်ညင်သာသာ နှိပ်ပေးသည် ။ ဘာကြောင့်မှန်းမသိ S သူ ပင်ပန်းတာကို မကြည့်ရက်ပါ နှလုံးသားက နာကျင်မိသည် ။

နေ တကယ်တော့ ဘာမှ မဖြစ်ပါ။ တမင်သက်သက် ထိုကောင်လေး အနားမှာ ရှိစေချင်ခဲ့တာကို သူ့ကိုယ်သူ နားမလည်ဘဲ ထိုကောင်လေးကို ခိုင်းလိုက်မိ၏။

"အင်း ရပြီ ..."

"ဟုတ် ..."

ဟုတ်ဟု သာပြောပြီး အနားမှ မသွားသေးဘဲ ရပ်နေသောကြောင့် နေ Sကို မော့ကြည့်လိုက်ပြီး ဘာပြောမလို့ လဲဟု မျက်ခုံးတစ်ဖက် ပင့်ပြတော့ ...

"သခင်လေး ကျွန်တော့်ကို ခွင့်တစ်ရက် ပေးပါလား ..."

"မင်းက ဘယ်သွားမလို့ လဲ ..."

"ကျွန်တော် အိမ်ပြန်ချင်လို့ ပါ ..."

"သြော် ဒါကြောင့် ငါ့ကို နှိပ်ပေးပြီး လာဘ်ထိုးတာ ခွင့်လိုချင်လို့ ပေါ့ ..."

"မဟုတ်ပါဘူးဗျာ ... သခင်လေးပဲ စတွေ့တုန်းက ကျွန်တော့်ကို ပြန်

လို့ ရအောင် ပြောပေးမယ်ဆို ..."

နေ S ပြောလိုက်မှ သတိရသွားသည် ။

ဟုတ်သားပဲ မေ့နေခဲ့တာ ...

"နောက်ရက်ကျ ငါကိုယ်တိုင် ပို့ပေးမယ် ..."

"ဟုတ် ကျေးဇူးပါနော် ..."

လိုက်ပို့မယ် ပြောလိုက်မှ ပြုံးသွားသော မျက်နှာလေးကို ကြည့်ပြီး နေရဲ့ စိတ်တွေ မရိုးမရွဖြစ်လာ၏။

မင်းငါ့အနားမှာ ကြာကြာနေရင် ငါတစ်ခုခု လုပ်မိတော့မယ် ... ဟူး ။

***

"သမီး အားလုံး ပြင်ပြီးပြီလား ... "

"ပြီးတော့မယ် ဒယ်ဒီ ..."

အေသင် အဝတ်အစား ထည့်ရင်း ပြောလိုက်သည် ။

"ဟိုရောက်ရင် မောင်နေမင်းကို ကောင်းကောင်း ဆက်ဆံနော် ... သူက သမီးအတွက်ပဲ ဖြစ်ရမယ် ... အဲဒါကို မြဲမြဲမှတ်ထား ... သူပိုင်ဆိုင်သမျှက ဖေဖေတို့ ထက် အများကြီးသာတယ် ... သူပိုင်တဲ့ ပိုင်ဆိုင်မှု အားလုံးကို သမီးကလွဲရင် ... ဘယ်သူမှ မရစေနဲ့ ..."

လောဘကြီးလှသော ဦးထက်အာကာ ကတော့ ထုံးစံအတိုင်းပဲ မှာ

နေလေသည် ။

"စိတ်ချပါ ဒယ်ဒီရဲ့ သမီးက ဖေဖေ့သမီးပါ ကိုယ်မရရင်တောင် သူများ မပေးဘူး အဲဒီပစ္စည်းကို သဲနဲ့ ပက်ပစ်မှာ ..."

အေသင်၏ စကားကြောင့် ဦးထက်အာကာရင်မှာ ပီတိဖြစ်သွားပြီး ပြုံးပျော်လှသည် ။

***

"ဟား ဟား ..."

"မင်းခ ဘာရယ်တာလဲကွ ..."

မင်းရာဇာအောင် မေးလိုက်တော့ သူ၏ တပည့်ဖြစ်သူက စပ်ဖြီးဖြီးရပ်နှင့် ...

"Boss နိုင်ငံခြားကနေ ငှားထားတဲ့ နေမင်းထည်ဝါရဲ့ သက်တော်စောင့်တဲ့ ... လူလေးက မိန်းမကိုယ်လုံးလေး ကျနေတာပဲ သေးသေးလေး ... လက်နဲ့ တောင် ကိုင်ပေါက်ရင်တောင် အဝေးကြီး ရောက်သွားအောင် လုပ်လို့ ရတယ် ဟားဟား ..."

"မင်းက အဲဒါ ရယ်တာလား ..."

မင်းရာဇာအောင် ရုပ်တည်ကြီးနဲ့ မေးလိုက်တော့ မင်းခ ကြောင်သွားသည် ။

"ဗျာ ဟုတ်ပါတယ် ..."

"ရော့ မင်းသူ့ဆီကို ဒီစာအိတ်ပို့လိုက် ..."

"ဟုတ် ..."

"မင်းနဲ့ ငါနဲ့ တွေ့ပြီပေ့ါ နေမင်းထည်ဝါရာ ...

***

အေသင် အပေါက်မှာ ပဲ ကားကို ရပ်ခိုင်းလိုက်သည် ။ ဘာကြောင့်ဆို နေတို့ အိမ်ထဲ သူမတို့ ကားက ဝင်လို့ မရပေ။

"သွားလို့ ရပြီ ..."

"ဟုတ်ကဲ့ မမလေး ..."

ကားထွက်သွားတော့ အေသင် အိမ်ထဲကိုကြည့်တော့ တစ်ယောက်မှ အရိပ်အယောင်တောင် မတွေ့ ဒီစံအိမ်မှာ လူတွေ အများကြီး ရှိတာတောင် ဘာလို့ တစ်ယောက်မှ မမြင်ရတာလဲ ... အေသင်လည်း အပေါက်မှ ရပ်စောင့်နေစဉ် နေတို့ ကားလေး ကုမ္ပဏီမှ ပြန်လာသည် ။

နေ ကားကို ရပ်လိုက်ပြီး ...

"အေသင် မင်း ခန့်တို့ နဲ့ လိုက်ခဲ့ ... "

နေ မှန်ကိုချကာ ကားပေါ်ကနေပဲ ပြောလိုက်သည် ။ မနေ့က ဖေဖေ ပြောထားသောကြောင့် အေသင် နေမည်ဆိုတာကို သိခဲ့ရသည် ။

အေသင်လည်း ခန့်တို့ နှင့်အတူ ကားလေး စံအိမ်ထဲသို့ဝင်၍ ကားကို ကားပါကင်မှာ ထိုးလိုက်သည် ။

အေသင် အောက်ဆင်းတော့ အထုပ်ယူမည့်သူ တစ်ယောက်တောင်

ပေါ်မလာ။

"ဟိတ် မင်းတို့ အိတ်တွေသယ်ပြီး အပေါ်တက်ခဲ့ ..."

"ဗျာ ဟုတ် ..."

S အထုပ်တွေကို မနိုင်မနင်း သယ်လာလိုက်သည် ။

"ဘယ်မှာ ထားရမလဲဗျ ..."

"နေမင်း အခန်းရဲ့ မျက်နှာချင်းဆိုင်မှာ ထားလိုက် ငါသူ့အနားမှာ နေမှာ ..."

"ဟုတ် ..."

နေလည်း ဘာမှ ပြောချင်စိတ် မရှိတာကြောင့် အပေါ်ထပ် သူ့အခန်းထဲသို့ ဝင်လိုက်သည် ။

***